# DeKalb County School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

Mr. Diijon DaCosta, Sr., *ဘုတ်အဖွဲ့ ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

အောက်တိုဘာလ 8 ရက်၊ 2024

## သက်တမ်းတစ်လျှောက် အမြင့်ဆုံး မြင့်တက်လာခဲ့သည့် DCSE ၏ ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများ

*ကျောင်းသား ဆယ်ယောက်တစ်အုပ်စုစီလျှင် ရှစ်ယောက်သည် အထင်ကြီးဖွယ်သော အောင်မြင်စွမ်းဆောင်နိုင်မှုများကို ပြသနိုင်ခဲ့*

(STONE MOUNTAIN ၊ GA)—Dekalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းသည် 2024 တွင်မှ သက်တမ်းတစ်လျှောက် အမြင့်မားဆုံးသို့ တက်လှမ်း ရောက်ရှိနိုင်ခဲ့သည်။ လေးနှစ်တာတက်ရောက်ရသော ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းသည် ယခုအခါတွင် 79.1% ရှိနေပြီး၊ ၎င်းသည် ယခင်နှစ် 2023 နှင့်နှိုင်းယှဉ်လျှင် 3.3 ရာခိုင်နှုန်း မြင့်တက်သွားခြင်း ဖြစ်၍ ဖက်ဒရယ်ဥပဒေ သတ်မှတ်ချက်အရ ချိန်ညှိပြင်ဆင်ထားသော နှိုင်းယှဉ်တွက်ချက်မှု ပထမနှစ်ဖြစ်သည့် 2011 နှင့်ယှဉ်ပါကမူ 20.5 ရာခိုင်နှုန်းအထိ ခုန်တက်သွားခြင်း ဖြစ်ပေသည်။

*အားလုံးသော ကျောင်းသားများ* အမျိုးအစားအုပ်စုအတွင်း ဖွံ့ ဖြိုးတိုးတက်မှုများရှိလာသည့်အပြင် ခရိုင်ကျောင်းသား အုပ်စုခွဲ ကိုး (9) စုလျှင် ခုနစ် (7) စုသည် ယခင်ကျောင်းပညာသင်နှစ်တစ်လျှောက် (77.8%) အထိ တိုးတက်ဆောင်ရွက်နိုင်လာသည်။ ဤသည်မှာ လွန်ခဲ့သော ဆယ်နှစ်တာတစ်လျှောက်အတွင်း ဤလူဦးရေထုသည် ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း ကိုယ်စားပြုနေခြင်းပင် ဖြစ်သည်။

| အုပ်စုခွဲ | ဖွံ့ ဖြိုးတိုးတက်မှု % | 2023 ပညာသင်နှစ် အပြိုင် 2024 ပညာသင်နှစ် |
|---|---|---|
| အားလုံးသော ကျောင်းသားများ | 3.3 တိုးတက်လာသည် | (75.8 မှ 79.1 သို့) |
| အာရှ/ပစိဖိတ်ကျွန်းသား | 4.8 တိုးတက်လာသည် | (80.6 မှ 85.4 သို့) |
| လူမည်း | 2.6 တိုးတက်လာသည် | (77.0 မှ 79.6 သို့) |
| ဟစ်ပန်းနစ် | 6.5 တိုးတက်လာသည် | (60.7 မှ 67.2 သို့) |
| လူဖြူ | 2.7 တိုးတက်လာသည် | (91.6 မှ 94.3 သို့) |
| စီးပွားရေးအကြပ်အတည်းရှိသူများ | 3.7 တိုးတက်လာသည် | (73.6 မှ 77.3 သို့) |
| အင်္ဂလိပ်စာ သင်ယူလေ့လာသူ | 5.8 တိုးတက်လာသည် | (54.9 မှ 60.7 သို့) |
| မသန်စွမ်း ကျောင်းသားများ* | 4.7 တိုးတက်လာသည် | (62.6 မှ 67.3 သို့) |

**2024 ကျောင်းပညာသင်နှစ်သည် မသန်စွမ်းကျောင်းသားများ အုပ်စုခွဲအတွက်မူ 7နှစ်မြောက် ဆက်တိုက် နှစ်စဉ် အောင်မြင်တိုးတက် စွမ်းဆောင်နိုင်သောနှစ် ဖြစ်သည်။*

"ဒီလိုကျောင်းပြီးမြောက်အောင်မြင်မှုနှုန်း တိုးတက်လာရတာက ကျွန်ုပ်တို့ရဲ့ ကျောင်းသားတွေ၊ ဆရာ၊ဆရာမတွေ၊ မိသားစုတွေ၊ ပံ့ပိုးထောက်ပံ့ပေးတဲ့ ဝန်ထမ်းတွေနဲ့ ဒီအရေးကြီးတဲ့ မိုင်နှုန်းစံသတ်မှတ်ချက်တွေကို အောင်မြင်ရောက်ရှိစေဖို့ လိုအပ်တဲ့ လုပ်ဆောင်မှုတွေကို ကတိကဝတ်ပြု လုပ်ဆောင်ကြတဲ့ စီမံအုပ်ချုပ်သူတွေ အစရှိသူတွေရဲ့ ဆုံးဖြတ်ချက်ခိုင်မာမှုနဲ့ အာရုံပြုလုပ်ဆောင်မှုတွေကြောင့်သာ ဒီလို ဖြစ်လာနိုင်တာ ဖြစ်ပါတယ်၊" ဟု ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton မှ ပြောကြားခဲ့သည်။ "ကျောင်းသားတွေရဲ့ အောင်မြင်မှုနဲ့ အထွက်ရလဒ်များကို တိုးမြင့်လာစေဖို့အတွက်၊ ဥပမာဆိုရရင် ဒီမထင်မှတ်ထားလောက်တဲ့ ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်း ရရှိစေဖို့အတွက် နည်းဗျူဟာပိုင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုတွေ ပြုလုပ်ပေးခဲ့တဲ့ ကျွန်ုပ်တို့ရဲ့ ပညာရေးဘုတ်အဖွဲ့ကိုလည်း အသိအမှတ်ပြုထိုက်ပါတယ်။"

အထက်တန်းကျောင်း နှစ်ဆယ့်ငါး (25) ကျောင်းလျှင် တစ်ဆယ့်ရှစ် (18) ကျောင်း (72%) သည် ၎င်းတို့၏ လေးနှစ်တာတက်ရောက်ရသော ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းအား တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ အသိသာဆုံးအနေနှင့် ဒီဂျစ်ဂဏန်း နှစ်လုံးစာအထိ အောင်မြင်စွမ်းဆောင်ပေးနိုင်ခဲ့သော အထက်တန်းကျောင်း သုံး (3) ကျောင်းမှ အောက်ပါ စာသင်ကျောင်းများ ဖြစ်သည် -

| | | |
|---|---|---|
| McNair အထက်တန်းကျောင်း | 21.7% တိုးတက်လာသည် | (55.2 မှ 76.9 သို့) |
| DeKalb Alternative School အခြားရွေးချယ်စရာကျောင်း | 13.5% တိုးတက်လာသည် | (15.9 မှ 29.4 သို့) |
| Columbia အထက်တန်းကျောင်း | 10.7% တိုးတက်လာသည် | (72.0 မှ 82.7 သို့) |

-နောက်တစ်မျက်နှာ-

စာသင်ကျောင်း ငါး (5) ကျောင်းမှာမူ ယခင်ကျောင်းပညာသင်နှစ်တစ်လျှောက်တွင် 6 ရာခိုင်နှုန်းမှတ် သို့မဟုတ် ၎င်းအထက် တိုးတက်အောင်မြင်စွမ်းဆောင်နိုင်မှုကို ပြသခဲ့သည် - Clarkston အထက်တန်းကျောင်း (+8.1) ၊ East DeKalb Special Education Center အထူးပညာရေးစင်တာ (+7.9) ၊ Stephenson အထက်တန်းကျောင်း (+7.1) ၊ Lakeside အထက်တန်းကျောင်း (+6.6) ၊ နှင့် Cross Keys အထက်တန်းကျောင်း (+6.0) ။

ထို့ပြင် နောက်ထပ်သော ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်း တိုးတက်မှုများအား အောက်ပါ အထက်တန်းကျောင်း ဆယ် (10) ကျောင်းတွင် လေ့လာတွေ့ ရှိခဲ့ရသည် - Dunwoody HS (+4.8) ၊ Cedar Grove HS (+4.4) ၊ Elizabeth Andrews HS (+3.7) ၊ Chamblee HS (+3.4) ၊ Tapestry Public Charter အများပြည်သူပိုင်ချာတာကျောင်း (+3.0) ၊ Druid Hills HS (+2.7) ၊ Redan HS (+2.0) ၊ Towers HS (+2.0) ၊ Stone Mountain HS (+1.6) ၊ Arabia Mountain HS (+0.3) ၊

အောက်ဖော်ပြပါ အထက်တန်းကျောင်းများမှာမူ ၎င်းတို့၏ ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများအား 95 ရာခိုင်နှုန်းအထက်တွင် ဆက်လက် ထိန်းသိမ်းထားနိုင်လျက် ရှိသည် -

| | | |
|---|---|---|
| DeKalb Early College Academy အစောပိုင်းကောလိပ် အကယ်ဒမီ* | 100% | သုံးနှစ်ဆက်တိုက် 100 ရာခိုင်နှုန်း။ |
| Arabia Mountain အထက်တန်းကျောင်း* | 98.9% | |
| DeKalb School of the Arts ဝိဇ္ဇာပညာကျောင်း | 97.2% | |
| Tapestry Public Charter School အများပြည်သူပိုင် ချာတာကျောင်း* | 96.8% | |

**ခေါင်းစဉ် 1 စာသင်ကျောင်း*

"ကျွန်ုပ်တို့ရဲ့ စာသင်ကျောင်းတွေကို ပိုပြီး မြင့်မားစွာ ညှိနှိုင်းဆောင်ရွက်မှု ရှိစေဖို့၊ ကျောင်းသားတွေကို ဗဟိုပြုတဲ့ သင်ယူလေ့လာမှု ပတ်ဝန်းကျင်များ ဖြစ်စေဖို့ အစရှိတာတွေအတွက် ကျွန်ုပ်တို့ရဲ့ MIRACLES (အံ့ဖွယ်ရာများ) အခြေခံဖွဲ့စည်းမှုကို ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊" ဟု Dr. Horton မှ ဆိုသည်။ "ဘယ်တော့မှ မပြောင်းလဲမယ့် အရာတစ်ခုကတော့ ကျောင်းသားတွေ အားလုံးရဲ့ အောင်မြင်မှုကို သေချာစေမယ့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ ဥတုအခြေအနေတွေကို ပျိုးထောင်ပံ့ပိုးပေးသွားမယ်ဆိုတဲ့ ကျွန်ုပ်တို့ရဲ့ ကတိကဝတ်ပြုချက်ပဲ ဖြစ်ပါတယ်။"

ပြီးခဲ့သည့်နှစ်တွင် ခရိုင်၏ MIRACLES (အံ့ဖွယ်ရာများ) ဝါဒလက်ခံချက်များထဲမှ တစ်ခုမှာ စနစ်တစ်ဝှမ်း ကျောင်းပြီးမြောက်အောင်မြင်မှု နှိုင်းယှဉ် စောင့်ကြည့်စစ်ဆေးသည့် ပရိုတိုကောလ်တစ်ခုအား စီမံရေးဆွဲရန်ပင် ဖြစ်သည်။ ဤစံသတ်မှတ်ထားသော စီမံလည်ပတ်မှု လုပ်ငန်းစဉ်များသည် 2023-24 ကျောင်းပညာသင်နှစ်တွင် Horizon အထက်တန်းကျောင်းများအတွင်း အပြည့်အဝ တစ်သားတည်း ပူးပေါင်းပါဝင်နိုင်ခဲ့ပြီး၊ ခရိုင်အဆင့် Area Horizon ဝန်ထမ်းများမှ ၎င်းအား စောင့်ကြည့်စစ်ဆေးလျက် ရှိသည်။ ထို့ပြင် ခရိုင်သည် DCSD တစ်ဝှမ်းရှိ အထက်တန်းကျောင်းများ အားလုံးအတွက် ပံ့ပိုးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်စေဖို့ငှာ ပြန်လည်ဖွဲ့စည်းမှုများ ဆောင်ရွက်၍ နှစ်မြုပ်အားထုတ်မှုရှိသော ဝန်ထမ်းများအား ငှားရမ်းခန့်အပ်ပေးခဲ့သည်။

ဤနှစ်တွင်မူ မျှော်လင့်ထားသည့်အတိုင်းပင် ကျောင်းပြီးမြောက်အောင်မြင်မှု နှိုင်းယှဉ် စောင့်ကြည့်စစ်ဆေးသည့် ပရိုတိုကော်လ်အား စနစ်တစ်ဝှမ်း အထက်တန်းကျောင်းများ အားလုံးသို့ ဖြန့်ကျက်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ အနာဂါတ် ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်း တိုးတက်မှုများအား ပံ့ပိုးထောက်ပံ့ရန်အလို့ငှာ အမျိုးမျိုးသော MIRACLES (အံ့ဖွယ်ရာများ) ဝါဒလက်ခံချက်များအား စတင် ဆောင်ရွက်လျက်ရှိပါသည် -

- *Disconnect to Reconnect (ပြန်လည်ချိတ်ဆက်ဆောင်ရွက်မှုပြုရန်ငှာ ချိတ်ဆက်မှုအား ဖြတ်တောက်ခြင်း)* - ကျောင်းစာသင်နေ့တစ်လျှောက်အတွင်း ကျောင်းသားများ ဆဲလ်ဖုန်း အသုံးပြုမှုအား ကန့်သတ်ထားသည့် စာသင်ခန်း ညွှန်ကြားပို့ချမှုဆိုင်ရာ ပြန်လည်ညှိနှိုင်းဆောင်ရွက်ရေး ကနဦးအစပြုဆောင်ရွက်ချက်တစ်ခု။
- *Acceleration Academies (ပညာရေးအသိုင်းအဝိုင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှု)* - မိမိတို့၏ အထက်တန်းကျောင်း ဒီပလိုမာအား ရယူလိုသော ကျောင်းသားများအတွက် ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသည့် ကျောင်းထွက်သွားသူများအပေါ် ကနဦးအစပြုဆောင်ရွက်ချက်တစ်ခု။
- *Chancelight (အခွင့်အရေး အလင်းရောင်)* - အသက်ကျော်လွန်နေပြီဖြစ်သည့် အလယ်တန်းကျောင်း ကျောင်းသားများအတွက် ၎င်းတို့ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ နိုင်ရေးအား အရှိန်မြှင့်တင်ဆောင်ရွက်ပေးသည့် ပံ့ပိုးထောက်ပံ့မှု။
- အလယ်တန်းပြီးနောက်ပိုင်း *P.U.S.H. အစီအစဉ်* - ဂရိတ် 6-12 တန်း ကျောင်းသားများအတွက် ၎င်းတို့ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ တက်ရောက်၍ ၎င်းတို့၏ အလယ်တန်းကျောင်းပြီးနောက်ပိုင်း ပန်းတိုင်များသို့ အောင်မြင်ရောက်ရှိစေဖို့ငှာ ကျောင်းပြီးမြောက်စေဖို့ အကူအညီပေးသည့် **P**repare (ကြိုတင်ပြင်ဆင်မှု)၊ **U**plift (မြှင့်တင်ပေးမှု)၊ နှင့် ကျောင်းသားများအား **S**upport (ပံ့ပိုးထောက်ပံ့ပေးမှု) ၊ **H**olistically (လုံးလုံးလျားလျား ပံ့ပိုးပေးမှု) အစီအစဉ်တစ်ခု။
- Improve Instructional Core (ညွှန်ကြားပို့ချမှုဆိုင်ရာ ပင်မကျောရိုးအား တိုးတက်ဆောင်ရွက်မှုပြုခြင်း) - ကျွန်ုပ်တို့၏ Horizon စာသင်ကျောင်း အချို့ ရှိ မသန်စွမ်းကျောင်းသားများအား ပံ့ပိုးထောက်ပံ့ပေးရန်အလို့ငှာ စမ်းသပ်လေ့လာထားပြီးဖြစ်သည့် စာပေဆိုင်ရာ ပလက်ဖောင်းတစ်ခုအား ပေါင်းထည့်ဆောင်ရွက်ပေးခြင်း။

- Instructional Language Plans for English Learners (အင်္ဂလိပ်စာ သင်ယူလေ့လာသူများအတွက် ညွှန်ကြားပို့ချမှုပိုင်းဆိုင်ရာ ဘာသာစကား အစီအစဉ်များ) - သတ်မှတ်ဖော်ထုတ်ထားသော အင်္ဂလိပ်စာ သင်ယူလေ့လာသူများ၏ အင်္ဂလိပ်ဘာသာစကား တတ်မြောက်ကျွမ်းကျင်မှုများအား တိုးတက်လာစေဖို့ရာ ကျောင်းသားအပေါ် အဓိကပြုဆောင်ရွက်ပေးထားသည့် အစီအစဉ်များ။

XXX